Department of Health

health

# ဗစ်တိုးရီးယား အရက် နှင့် အခြားသောဆေးဝါး သုံးစွဲသူ လက်စွဲစာတန်း

## ဗစ်တိုးရီးယား AOD ဝန်ဆောင်မှုများ သုံးစွဲသည့် သူတစ်ယောက် အဖြစ် သင့် တွင် အခွင့်အရေးများ ရှိသည်မှာ -

- လုံခြုံသောပတ်ဝန်းကျင်အနေအထား တွင် ဝန်ဆောင်မှု ကို ပေးအပ်ခံရရန်
- သင့်မြတ်သော၊ ရိုးသားပြီး ဝေဖန်မှုကင်းသည့် စရိုက်နည်း ဖြင့် ပေးသော ဝန်ဆောင်မှု ကို ပေးအပ်ခံရရန်
- ခင်မင်ရင်းနှီးစွာ နှင့် လေးစားစွာ ဖြင့်ပေး သော ဝန်ဆောင်မှု ကို ပေးအပ်ခံရရန်
- ရယူနိုင်သည့် အားလုံးသော ဝန်ဆောင်မှုများ နှင့် ကုသမှု တို့၏ တိကျသော သတင်းအကြောင်းအရာ များ ကို ပေးအပ်ခံရရန်
- ဝန်ဆောင်မှု ပြဌါန်းထားချက်များ ရှုထောင့်အားလုံး တွင် ပါဝင်ဆင်နွှဲရန်
- ထုတ်ဖော်ခြင်းကို အခြားနည်းဖြင့် အခွင့်အာဏာပေးထားသည် မဟုတ်လျှင် သင်၏ အကြောင်းအရာများကို လျှို့ဝှက်ထားရှိရန်
- သင်၏လိုအပ်ချက်များကို တုံ့ပြန်သည့် အချိန်မှန်ပြီး ထိရောက်သော ဝန်ဆောင်မှု ဖြင့်ပေးအပ်ခံရရန်
- တိုင်တန်းပြီး ၄င်းတိုင်တန်းချက် ကို ထိရောက်စွာ ဖြေရှင်းပေးရန်
- သင်၏တန်ဖိုးထားရာများ နှင့် ယုံကြည်ချက်များ ထည့်သွင်းစဉ်းစားသည့် ယဉ်ကျေးမှုအရ တိမ်းညွှန့်သည့် ဝန်ဆောင်မှုများ ကို ပေးအပ်ခံရရန်

## ဗစ်တိုးရီးယား AOD ဝန်ဆောင်မှုများ သုံးစွဲသည့် သူတစ်ယောက် အဖြစ် သင့် တွင် တာဝန်ဝတ္တရား ရှိသည်မှာ -

- ဗစ်တိုးရီးယား AOD ဝန်ဆောင်မှုများ သုံးစွဲသည့် သူတစ်ယောက် အဖြစ် သင်၏ အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများကို သိကျွမ်းထားပါ
- သင် အသုံးပြုသည့် ဝန်ဆောင်မှု တွင် လုံခြုံသည့်ပတ်ဝန်းကျင် ကို ထိန်းသိမ်းရန် ဆောင်ရွက်ပါ
- အခြားသူများ ကို လေးစားမှု နှင့် လိုက်လျောဖော်ရွေမှု တို့ဖြင့် ဆက်ဆံပါ
- ကုသမှုလုပ်ငန်းစဉ် ကို သင်၏အကောင်းဆုံးစွမ်းရည် ဖြင့် ပါဝင်ဆောင်ရွက်ပါ
- အဖွဲ့အစည်းဆိုင်ရာ တိုင်တန်းချက် လုပ်ငန်းစဉ် ကိုလိုက်နာပါ၊ အကယ်၍ သင် မကျေနပ်ပါက ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေး ဝန်ဆောင်မှုများ ကော်မီရှင် သို့ ပြင်ပတိုင်တန်းစာ တစ်ခု ကို သင် တိုင်တန်းနိုင်သည်။

အကယ်၍ သင်သည် ဤထုတ်ဝေဖြန့်ချိချက် ကို ချို့တဲ့မှုရှိသူရယူနိုင် သည့် ပုံစံဖြင့် လက်ခံရယူလိုပါက၊ ကျေးဇူးပြု၍ ဖုံးနံပါတ် 9096 5234 ကိုဆက်ပါ သို့မဟုတ် အီးမေးလ် consumers@health.vic.gov.au ကိုဆက်သွယ်ပါ။

ဗစ်တိုးရီးယားပြည်နယ် အစိုးရ၊ မဲလ်ဘုန်း မှ အခွင့်အာဏာပေးသည်။
မတ် လ ၂၀၁၁ (၁၀၀၆၀၃၇)

State Government Victoria